ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

All Arakan Students' & Youths' Congress

P.O.Box-178, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# ၂၂၄ နှစ်မြောက် ရခိုင့်နိုင်ငံတော် အချုပ်အခြာအာဏာ ကျဆုံးသည့်နေ့ ထုတ်ပြန်ကြေငြာချက်

နေ့စွဲ – ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်
စာအမှတ် – ရကလစ/ဗဟို/ထုတ်ပြန်/၁၀/၀၈

ရခိုင်အမျိုးသားတို့သည် ဘီစီ (၆၀၀၀) ခန့်မှ စတင်၍ သီးခြားလွတ်လပ်သော စာပေ၊ ယဉ်ကျေးမှုဖြင့် အချုပ်အခြာအာဏာ ပိုင်နိုင်ငံတော်ထူထောင်၍ ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်လာခဲ့ပေသည်။ သို့သော် (၁၇၈၄)တွင် ရခိုင်နန်းတွင်း အရှုပ်တော်ပုံကို ဝင်ရောက်ဖြေရှင်း၍ ပြည်သူအများ နှစ်သက်သဘောကျမည့် ရခိုင်မင်းသားတစ်ပါးကို နန်းတင်ပေးရန် ဗမာဘုရင်မောင်ဝိုင်းထံ အကူအညီတောင်းခဲ့ရာ သမိုင်းအစဉ်အဆက် ရခိုင်ပြည်ကို ကျွန်ပြုဖို့ ကြံစည်နေကြသည့် လူမျိုးကြီး ဝါဒီများက ရခိုင်အမျိုးသားအချင်းချင်းကြား သွေးစည်းညီညွတ်မှုပြိုကွဲပြီး နိုင်ငံရေးမတည်မငြိမ်ဖြစ်နေသည်ကို အခွင့်ကောင်း ယူလျက် ရခိုင့်အချုပ်အခြာအာဏာကို ရခိုင်တို့လက်သို့ ပြန်လည်မအပ်နှင်းဘဲ ကျွန်ပြုအုပ်ချုပ်ခဲ့ကြပေသည်။

ဗမာနယ်ချဲ့မြို့ဝန်များသည် ယင်းတို့အုပ်ချုပ်သည့် (၁၇၈၄)ခုနှစ်မှ (၁၈၂၆)ကာလအတွင်း ရခိုင်တို့အား ကျွန်ပြု အုပ်ချုပ်ရုံဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိဘဲ ရခိုင်ရိုးရာ ဘာသာ၊ စာပေနှင့် ယဉ်ကျေးမှု အစုစုတို့ကို ဗမာမှုပြုခဲ့ကြသည်။ မုဒိန်းကျင့်၊ အတင်း အဓမ္မသိမ်းပိုက်ပြီး သွေးနှောရေး စီမံကိန်း ချမှတ်လျက် လူမျိုးတုံးအောင် ကြံစည်ခဲ့ကြသည်။

သို့သော် ဗမာတစ်ပြည်လုံးကို နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့ သိမ်းပိုက်ထားချိန်တွင် ရခိုင်အမျိုးသားတို့သည် ပဒေသရာဇ် ခေတ်က လူမျိုးရေး ပဋိပက္ခများကို မေ့ဖျောက်၍ ဗမာအမျိုးသားများအပါအဝင် အခြားတိုင်းရင်းသားများနှင့် လက်တွဲလျက် ကျွန်ဘဝမှလွတ်မြောက်ဖို့ ရှပ်ရှပ်ခွံခွံ တိုက်ပွဲဝင်ခဲ့ကြပေသည်။

နယ်ချဲ့ဆန့်ကျင်ရေးကာလအတွင်းက ဗမာခေါင်းဆောင်များသည် ကျွန်ဘဝမှလွတ်မြောက်လျှင် ရခိုင်အမျိုးသား သမ္မတနိုင်ငံ အဖြစ် အသိအမှတ်ပြုပေးရန်နှင့် မဟ္ကလေးမဟာမြတ်မုနိဘုရားကြီးကို ရခိုင်အမျိုးသားများအား ပြန်လည်အပ်နှင်းရန် ကတိပေးခဲ့ကြသော်လည်း အမှန်တကယ် လွတ်လပ်ရေးရချိန်တွင် ယင်းကတိကဝတ်များအား ချိုးဖောက်ခဲ့ကြသည်သာမက နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့အား သက်စွန့်ဆံဖျား တိုက်ပွဲဝင်ခဲ့ကြသည့် ရခိုင်အမျိုးသားခေါင်းဆောင်များကိုပါ သူခိုး၊ ဓားပြများအဖြစ် ဝရမ်းကပ်၍ ဖမ်းဆီးထောင်ချခဲ့ကြသည်။

သဘောထားပျော့ပျောင်းသော ရခိုင်ခေါင်းဆောင်များအားလည်း အတုအယောင်ပြည်ထောင်စုဖွဲ့စည်းပုံဖြင့် အယုံသွင်းခြင်း၊ ငြိမ်းချမ်းရေးကိုမက်လုံးပေး၍ လက်နက်အပ်နှံစေခြင်းဖြင့် ရခိုင်အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်ကို အညွန့်ချိုးပစ် ခဲ့ကြသည်။

(၁၉၄၇)နောက်ပိုင်း အုပ်ချုပ်သော ဗမာအစိုးရအဆက်ဆက်သည် ရခိုင်ပြည်တွင်းနေထိုင်ကြသည့် ရခိုင်နှင့် ရခိုင်မျိုးနွယ်စုများ အကြား၊ ရခိုင်ပြည် မြောက်ပိုင်းနှင့် တောင်ပိုင်းအကြား၊ ရခိုင်ပြည်တွင်းနေထိုင်သည့် မတူကွဲပြားသော ဘာသာရေး၊ လူမျိုးရေး အုပ်စုများအကြားတွင် ကျဉ်းမြောင်းသော လူမျိုးစွဲ၊ ဘာသာစွဲများသွတ်သွင်းလျက် သွေးခွဲအုပ်ချုပ်ခဲ့ကြသည်မှာ ယနေ့တိုင် ဖြစ်ပေသည်။ တစ်ဘက်မှာလည်း ဗမာနယ်ချဲ့တို့၏ ခါးပိုက်ဆောင် "နအဖ" တပ်ကို ရခိုင်သမီးပျိုများအား အတင်း လက်ထပ်ခြင်း၊ မုဒိန်းကျင့်ခြင်းစသည့် နည်းလမ်းများဖြင့် ရခိုင်အမျိုးသား လူ့အဖွဲ့အစည်းတခုလုံး ပျက်သုဉ်းအောင် ကြံဆောင် အားထုတ်လျက်ရှိကြပေသည်။ ယင်းအပြင် လာမည့် (၂၀၁၀)ခုနှစ်တွင် ရွေးကောက်ပွဲလုပ်ပေးမည်။ အရပ်သားအစိုးရဖွဲ့၍ ဒီမိုကရေစီစနစ်ကို ထူထောင်ပေးမည်စသည်ဖြင့် အတုအယောင် ပြည်ထောင်စုဖွဲ့စည်းပုံ ထောက်ချောက်ထဲ သွတ်သွင်းကာ

ရခိုင်ပြည်၏ သဘာဝသယံဇာတတူးဖော်ရေး၊ စီးပွါးရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများအား လက်ဝါးကြီးအုပ်လျက် ရခိုင်အမျိုးသားတို့ကို ထာဝရကျွန်ပြုဖို့ ကြိုးစားနေကြပေသည်။

သို့ဖြစ်ပါ၍ (၂၀၀၈) ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ကျရောက်သော (၂၂၄) နှစ်မြောက် ရခိုင့်နိုင်ငံတော် အချုပ်အခြာ အဏာကျဆုံးသည့်နေ့တွင် ရခိုင်အမျိုးသားတို့၏ အမျိုးသားရေးလက္ခဏာ၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အမျိုးသားအကျိုးစီးပွါး တို့ကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များ အစည်းအရုံးမှ ရခိုင်တစ်မျိုး သားလုံးအား အောက်ပါအတိုင်း တပ်လှန့်နှိုးဆော်လိုက်ပေသည်။

(၁) ရခိုင်တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေးကို ရှေးရှုကြ၊
(၂) ရခိုင်တို့၏ အမျိုးသားရေးလက္ခဏာ၊ သဘာဝသယံဇာတ၊ ယဉ်ကျေးမှု အမွေအနှစ်နှင့် အကျိုးစီးပွါးကို ကာကွယ်ထိန်း သိမ်းကြ၊
(၃) နယ်ချဲ့ဝါဒ၊ လူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်ဝါဒကို ရရာလက်နက်စွဲကိုင်၍ တိုက်ပွဲဝင်ကြ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (ရ၊ က၊ လ၊ စ)
ဗဟိုဌာနချုပ်
ထိုင်း–မြန်မာနယ်စပ်

ဆက်သွယ်ရန်

ရဲဘော် ထွန်းဇော်
တွဲဖက်အတွင်းရေးမှူး (၁)
ထိုင်းဒေသ
Ph :  +66 (0) 816 808 934

ရဲဘော် ကျော်မြင့်
တွဲဖက်အတွင်းရေးမှူး (၂)
ဘင်္ဂလားဒေ့ရှ်ဒေသ
Ph : +88 (0) 18 17 07 81 33